# သတင်းအချက်အလက်နည်းပညာတက္ကသိုလ်
# စတုတ္ထအကြိမ် ဘွဲ့နှင်းသဘင်
# ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ သတင်းအချက်အလက်နည်းပညာတက္ကသိုလ်မှ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်၊ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်၊ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တို့တွင် ဖြေဆိုခဲ့သည့် Ph.D.(IT)/M.C.Sc./B.C.Sc./B.C.Tech. ဘွဲ့သင်တန်းစာမေးပွဲအောင်မြင်ပြီးသူများအတွက် သတင်းအချက်အလက်နည်းပညာတက္ကသိုလ်တွင် စတုတ္ထအကြိမ်ဘွဲ့နှင်းသဘင် အခမ်းအနားကို ရန်ကုန်တက္ကသိုလ်နယ်မြေ ဘွဲ့နှင်းသဘင်ခန်းမတွင် အောက်ပါအတိုင်းကျင်းပမည်ဖြစ်ပါသည်-

| ဘွဲ့အမည် | ဘွဲ့နှင်းသဘင် ရက်နှင့် အချိန် | အစမ်းလေ့ကျင့် ရက်နှင့် အချိန် |
|---|---|---|
| Ph.D.(IT) | ၂၅-၁၁-၂၀၂၃ (စနေနေ့) နံနက် ၉:၀၀ နာရီ | ၂၄-၁၁-၂၀၂၃ (သောကြာနေ့) နံနက် ၉:၀၀ နာရီ |
| M.C.Sc.(Business Information Systems/ High Performance Computing/ Software Engineering) | | |
| B.C.Sc.(Business Information Systems/ High Performance Computing/ Knowledge Engineering/ Software Engineering) | | |
| B.C.Tech.(Communication and Networking/ Embedded Systems) | | |

၂။ ဘွဲ့နှင်းသဘင်လျှောက်လွှာ လျှောက်ထားလိုသူများသည် သတင်းအချက်အလက်နည်းပညာတက္ကသိုလ်တွင် သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် (၃)လအတွင်း ရိုက်ကူးထားသော ၁ ½ " x ၂" အရွယ် ဓါတ်ပုံ(၃)ပုံ ပူးတွဲ၍ ဘွဲ့နှင်းသဘင်တက်ရောက်ရန်(သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန်ဟု ထင်ရှားစွာဖော်ပြလျက် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ(၂)ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

၃။ ဘွဲ့နှင်းသဘင်ကြေးမှာ တက်ရောက်ဘွဲ့ ၁၅၀၀ိ /-(ကျပ်တစ်ထောင့်ငါးရာတိတိ)၊ အဝေးရောက်ဘွဲ့ ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)ဖြစ်ပြီး၊ သတင်းအချက်အလက်နည်းပညာတက္ကသိုလ်၊ ငွေစာရင်းဌာနတွင် ပေးသွင်းရမည်။

၄။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူ များ၏ ဘွဲ့လက်မှတ်များကိုတစ်နှစ်ကြာမှသာ ထုတ်ပေးမည်ဖြစ်ပါသည်။ (အဝေးရောက် ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်မှသာ)

၅။ ရပ်ဝေးမှ ဘွဲ့နှင်းသဘင် လျှောက်လွှာပေးပို့လိုသူများသည် စာတိုက်ငွေပို့လွှာ (Postal money order)ဖြင့် ပေးပို့နိုင်ပါသည်။ ငွေပို့လွှာအောက်ခြေတွင် “ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်း” ဟု ဖော်ပြပြီး၊ သတင်းအချက်အလက်နည်းပညာတက္ကသိုလ်သို့ လိပ်မူ၍ လျှောက်လွှာရှင်၏ အမည်၊ ဘွဲ့ရစာမေးပွဲ ခုံအမှတ်၊ အထူးပြုဘာသာ၊ ပညာသင်နှစ်၊ အောင်မြင်သည့်ခုနှစ်နှင့်လ၊ နေရပ်လိပ်စာအပြည့်အစုံကို တိကျစွာဖော်ပြရမည်။ (ပြည့်စုံစွာ ဖော်ပြထားခြင်းမရှိသည့် ငွေပို့လွှာများကို လက်ခံမည် မဟုတ်ပါ။)

၆။ ဘွဲ့နှင်းသဘင်ကျင်းပမည့် အသေးစိတ် အစီအစဉ်များကို သတင်းအချက်အလက်နည်းပညာ တက္ကသိုလ် စာမေးပွဲနှင့်ဘွဲ့နှင်းသဘင်ဌာနသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းအမှတ် ၀၁-၉၆၆၄၇၀၉/ ၀၉-၇၇၄၁၅၂၁၆၆ သို့ ဖြစ်စေ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မော်ကွန်းထိန်း
စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာန